## **စာကြည့်တိုက်များအတွက်** လျှင်ဘေးဒဏ်ကြိုတင်ပြင်ဆင်မှုအစီအစဉ်
## **သင့်စာကြည့်တိုက်ကို လျှင်လှုပ်ချိန်မှာအဆင်သင့်ဖြစ်အောင်ဘယ်လို ပြင်ဆင်ထားကြမလဲ**

### အကျဉ်းချုပ်ဖော်ပြချက်

လျှင်ကြောင့် စာကြည့်တိုက်များတွင် စာအုပ်စင်များ၊ ပရိဘောဂများ၊ အဆောက်အအုံများ ပျက်စီးနိုင် သောကြောင့် စာကြည့်တိုက်ဝန်ထမ်းများ၊ စာကြည့်တိုက် အသုံးပြုသူများအနေဖြင့် လျှင် ဖြစ်ပွားပါက တုံ့ပြန်နိုင်ရန် ကြိုတင် ပြင်ဆင်ထားကြရမည်။ လျှင်ဘေးဒဏ်သင့်ခြင်းအတွက် ကြိုတင်ပြင်ဆင်ရန်အစီအစဉ်ကို ရေးဆွဲထားခြင်းသည် စာကြည့်တိုက်များ အတွက် အကောင်းဆုံးသော ပြင်ဆင်မှု ဖြစ်ပါသည်။ စာကြည့်တိုက်အတွက် လျှင်ကြိုတင်ပြင်ဆင်မှု အစီအစဉ်ကို ရေးဆွဲခြင်း၊ အစမ်းလေ့ကျင့်ခြင်းများအား နှစ်စဉ်ပြန်လည်သုံးသပ်ပြင်ဆင်ထားခြင်းဖြင့် စာကြည့်တိုက် များသည် လျှင်၏ ဆိုးကျိုးများကိုလျော့ချနိုင်ပြီးထိခိုက်ဒဏ်ရာရသူအရေအတွက်ကိုလည်းလျော့နည်းစေမည်ဖြစ်ပါသည်။

**အသုံးပြုမည့် အဓိကဝေါဟာရများ - လျှင်၊ လျှင်ကြိုတင်ပြင်ဆင်မှုအစီအစဉ်၊ ပညာရပ်ဆိုင်ရာစာကြည့်တိုက်၊ ဘေးအန္တ ရာယ် ကြိုတင်ပြင်ဆင်မှု၊ ပြန်လည်မွမ်းမံပြုပြင်ခြင်း**

လျှင်သည် ရေကြီးမှု၊ လေဆင်နှာမောင်းနှင့် ဆိုင်ကလုန်းမုန်တိုင်း**စသည်**တို့နှင့် မတူဘဲ၊ စာကြည့်တိုက်များက ကြိုတင် စီမံ ထားနိုင်သည့် သဘာဝဘေးအန္တရာယ်များထဲမှ တစ်ခုဖြစ်သည်။ လျှင်ကြောင့်ဖြစ်ပေါ်နိုင်သော ပျက်စီးမှုများကို **လျော့**ချရန် အစီအစဉ်များရေးဆွဲခြင်းနှင့် လျှင်ကြိုတင်ပြင်ဆင်မှုအစီအစဉ်ကို အကောင်အထည်ဖော်ရန် ငွေကြေး ရှာဖွေခြင်းတို့ကို စာကြည့်တိုက်မှူးများစွာက အချိန်နှင့်လုပ်အား အလဟဿ ဖြုန်းတီးမှုအဖြစ် ရှုမြင်နေကြ သော်လည်း၊ ဤလုပ်ငန်းနှစ်ရပ်ကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် မိမိ၏ စာကြည့်တိုက်ကို လျှင်ဒဏ်ကြောင့် သိသိသာသာ မပျက်စီးစေဘဲ ကျော်လွှားနိုင်မည်ဟု မျှော်လင့်ထားနိုင်ပါသည်။

လျှင်လှုပ်ခတ်နေစဉ်အတွင်း စာကြည့်တိုက်အတွင်း ရှိနေခြင်းသည် အထပ်မြင့် အဆောက်အအုံများအတွင်း ရှိနေခြင်းထက် အန္တရာယ် နည်းပါသော်လည်း၊ လျှင်ဖြစ်ပွားပါက စာကြည့်တိုက်သည် အန္တရာယ် အများဆုံးနေရာများထဲမှ တစ်ခုအဖြစ် ပါဝင်နေဆဲပင်ဖြစ်သည်။ စာကြည့်တိုက်တွင် သိမ်းဆည်းထားသော စာအုပ်စာတမ်းများ၊ စင်များ၊ ပရိဘောဂများနှင့် အဆောက်အအုံဆိုင်ရာ ဒီဇိုင်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ထည့်သွင်းစဉ်းစားပြီး စာကြည့်တိုက်ဝန်ထမ်းများနှင့် စာကြည့်တိုက်အသုံးပြုသူများ အားလုံးသည် လျှင်ဖြစ်ပွားပါက လျင်မြန်စွာ တုံ့ပြန်နိုင်ရန် ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်သည်။ ထိုသို့ပြင်ဆင်ရာတွင် အကောင်းဆုံးနည်းလမ်းမှာ ပြည့်စုံသော လျှင်ကြိုတင်ပြင်ဆင်မှုအစီအစဉ် ကို ရေးဆွဲထားခြင်းပင်ဖြစ်ပါသည်။

စာကြည့်တိုက်မှူး အနေဖြင့် မိမိ၏စာကြည့်တိုက်အတွက် လျှင်ဒဏ်ကြိုတင်ပြင်ဆင်မှုအစီအစဉ်ကို ရေးဆွဲခြင်း၊ အစမ်းလေ့ကျင့်ခြင်းနှင့် နှစ်စဉ်ပြန်လည်ပြင်ဆင်ခြင်းတို့ဖြင့် လျှင်ဖြစ်ပွားသည့်အခါ စာကြည့်တိုက်ဝန်ထမ်းများနှင့် စာကြည့်တိုက်အသုံးပြုသူများ လုံခြုံစွာရှိနေနိုင်မည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေး နိုင်မည်ဖြစ်

သည်။ ထို့အပြင်၊ စာကြည့်တိုက်မှူးသည် အန္တရာယ်ကင်းရှင်းသော ပတ်ဝန်းကျင်ကို အများဆုံး ဖန်တီးပေးနိုင်မှသာ ငလျင်ဒဏ်ကြောင့် စာကြည့်တိုက် သာမက စာကြည့်တိုက်အတွင်းရှိသူများအားလုံးအတွက် ထိခိုက်မှုကိုပါ လျှော့ချနိုင်မည်ဖြစ်သည်။

ငလျင်အန္တရာယ်များသော ဒေသများရှိ စာကြည့်တိုက်မှူးများ အကြားတွင် ပြီးပြည့်စုံသောငလျင်ဒဏ်ကြိုတင်ပြင်ဆင်မှု အစီအစဉ် ရေးဆွဲရန် လိုအပ်ကြောင်းကို လွန်ခဲ့သောနှစ်များကတည်းက သဘောတူညီချက် ထားရှိခဲ့သော်လည်း၊ မကြာသေးမီက ကမ္ဘာတစ်ဝှမ်းတွင် ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်ခတ်မှုများက ဤအကြောင်းအရာကို ပိုမိုအရေးတကြီး ဖြစ်စေခဲ့သည့်တိုင်၊ စာကြည့်တိုက်ဆိုင်ရာစကားဝိုင်းများတွင် ငလျင်ဒဏ်ကြိုတင်ပြင်ဆင်မှုအစီအစဉ် (သို့) လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ယင်း၏ပြောင်းလဲမှုများအကြောင်း ဆွေးနွေးမှုများ နည်းပါးနေဆဲပင်ဖြစ်သည်။ ထို့ထက် စာကြည့်တိုက် ပညာရှင်အသိုင်းအဝိုင်းတစ်ရပ်လုံးသည် လွန်ခဲ့သောဆယ်စုနှစ်ခန့်က ထုတ်ဝေခဲ့သည့် ငလျင်ဒဏ်ကြိုတင် ပြင်ဆင်မှုဆိုင်ရာ စာရွက်စာတမ်းများကိုသာ မှီခိုအားထားလာခဲ့သည်။ ထိုစာတမ်းများသည် ယခုအချိန်ထိ စာကြည့်တိုက်ဆိုင်ရာငလျင်ဒဏ်ကြိုတင်ပြင်ဆင်မှု (သို့) ယေဘုယျငလျင်ဒဏ်ကာကွယ်ရေး စီမံချက်များတွင် အရေးပါသော တိုးတက်မှုများ မရှိဟု ယူဆထားကြသည်။

စာကြည့်တိုက်၏ ငလျင်ဒဏ်ကြိုတင်ပြင်ဆင်မှုအစီအစဉ် တွင် မည်သည့်အချက်များ ပါဝင်သင့်သည်ကို နားလည်ရန် စာကြည့်တိုက်မှူးသည် ပထမဦးစွာ အောက်ပါအချက်များကို သိရှိထားရမည် -

စာကြည့်တိုက်မှ ဝန်ဆောင်မှုပေးနေသည့် လူထုအတွင်းရှိ လူတစ်ဦးချင်းစီ၏ တုံ့ပြန်မှု၊ စာကြည့်တိုက် ၏ မှီခိုအဖွဲ့အစည်း (ဥပမာ - တက္ကသိုလ်၊ မြို့နယ်အုပ်ချုပ်ရေး)၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ လှုပ်ရှားမှု၊ ဒေသခံအစိုးရ၏ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ စသတို့ကို သိရှိနားလည် ထားရမည်။ ငလျင်သည် အနည်းဆုံး အခြေအနေတွင်ပင် ကြီးမားသော အခက်အခဲများကို ဖြစ်စေပြီး၊ အဆိုးဆုံးအခြေအနေတွင် လူအများ ဒဏ်ရာရခြင်း သို့မဟုတ် အသက်ဆုံးရှုံးခြင်းအထိ ဖြစ်စေနိုင်သည့် အကြီးစား သဘာဝဘေးအန္တရာယ် ဖြစ်သည်။ ငလျင်လှုပ်ပြီးနောက် လူအများသည် မကြာခဏ အလန့်တကြားဖြစ်ကာ မိမိချစ်ခင် ရသူများ၏ ဘေးကင်းလုံခြုံမှုအတွက် စိုးရိမ်မှု မြင့်မားပြီး ထိုသူတို့ကို အမြန်ရှာဖွေ၊ နေရာချပေးချင်ကြသည်သာ ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ ဒေသအများစုသည် ငလျင်ဇုန်အတွင်းတည်ရှိသော်လည်း၊ ကယ်လီဖိုးနီးယား ကဲ့သို့ သော ငလျင်အန္တရာယ်မြင့်မားသည့် ဒေသများရှိ စာကြည့်တိုက်များကသာ လက်တွေ့ အသုံးဝင်သော ငလျင်ဒဏ်ကြိုတင် ပြင်ဆင်မှုအစီအစဉ်များကို ရေးဆွဲထားလေ့ရှိသည်။ ကယ်လီဖိုးနီးယား ပြည်နယ် အုပ်ချုပ်ရေးမှူး ၏ အရေးပေါ်ရုံး မှ စတင်ခဲ့သော "Ready To Ride It Out" (ငလျင်ဒဏ်ကို ရင်ဆိုင်ဖို့ အဆင်သင့်) လှုပ်ရှားမှုကို သိရှိသူများအနေဖြင့် ၎င်းတို့ သိထားသည့်အတိုင်း၊ ကယ်လီဖိုးနီးယားတွင် ငလျင်ဒဏ် ကြိုတင်ပြင်ဆင်မှု သည် ငလျင်၏ပြင်းအားအလိုက် ပြောင်းလွယ်ပြင်လွယ်ပြင်ဆင်နိုင်သော အစီအစဉ်များ ကို အသုံးပြုခြင်းဖြစ်သည်။ ဤသို့ ပြောင်းလွယ်ပြင်လွယ်အစီအစဉ်အစား တစ်ခုတည်းသော ပုံသေရေးဆွဲထားသည့်အစီအစဉ်ကို မှီခိုခြင်းမရှိပေ။ ဧပြီလအတွင်း (ကယ်လီဖိုးနီးယား၏ ငလျင်ကြိုတင် ပြင်ဆင်မှုကာလ) တွင် ပြည်သူများအား မိမိတို့ ကိုယ်ပိုင်၊ မိသားစု အတွက်ငလျင်ဒဏ်ကြိုတင် ပြင်ဆင်မှုအစီအစဉ်များ ရေးဆွဲရန်၊ လေ့ကျင့်ရန် အားပေးထားပါသည်။ ဤအစီ အစဉ်များတွင် မိသားစုဝင်များနှင့် ဆက်သွယ်ရန်၊ သတ်မှတ်နေရာတွင် စုဝေးရန် အစီအစဉ်များသာမက၊ အနည်းဆုံး ၇၂ နာရီစာ အစားအသောက်နှင့် ခိုလှုံစရာနေရာများ စီစဉ် ထားရှိခြင်းတို့လည်း ပါဝင်သည်။

စာကြည့်တိုက်ဝန်ထမ်းများသည် အလုပ်ခွင်ပြင်ပတွင်လည်း မိသားစုဘဝများရှိကြပြီး မိမိတို့၏ဒေသန္တရ လျှော့ချရေး ကြိုတင်ပြင်ဆင်မှုအစီအစဉ်များတွင်လည်း ပါဝင်ကြသောကြောင့်၊ စာကြည့်တိုက်၏ လျှော့ချရေးကြို တင်ပြင် ဆင်မှု အစီအစဉ်ကို ဝန်ထမ်းတစ်ဦးချင်း၏ ကိုယ်ပိုင်အစီအစဉ် သို့မဟုတ် မိသားစုအစီအစဉ်များ နှင့် ဆန့်ကျင် မှုမရှိစေရန် ရေးဆွဲရမည်ဖြစ်သည်။ ဥပမာအားဖြင့်၊ စာကြည့်တိုက်အစီအစဉ်တွင် ကလေးငယ်များစွာ ထိန်းကျောင်း နေရ သူများအား စာကြည့်တိုက် ဖွင့်ထားရန် သို့မဟုတ် အဆောက်အဦ လုံခြုံရေးအတွက် ငလျင်လှုပ် ပြီးနောက် စာကြည့်တိုက်အတွင်း ဆက်လက်နေရစ်ရန် မတောင်းဆိုသင့်ပါ။ ထိုကဲ့သို့တောင်းဆိုမည့် အစား၊ ကြိုတင် ပြင်ဆင်မှု အစီအစဉ်တွင် ကလေးငယ်ရှိသူများအနေဖြင့် အမြန်ဆုံးမိသားစုနှင့် ပြန်လည်ပေါင်းစည်းရန် စာကြည့်တိုက် မှ အမြန် ထွက်ခွာ နိုင်ရန် ခွင့်ပြုချက် ပါဝင်ရမည်ဖြစ်သည်။

ငလျင်လှုပ်ပြီးနောက် နောက်ဆက်တွဲလှုပ်ခတ်မှုများ (aftershocks) ဖြစ်နေစဉ်အတွင်း စာကြည့်တိုက် ဝန်ထမ်းများအား စာကြည့်တိုက်တွင်း ဆက်လက်နေရစ်ရန် မျှော်လင့်ထားခြင်းသည် မဖြစ်နိုင်သောကြောင့်၊ စာကြည့်တိုက်၏ လျှော့ချရေး ကြိုတင်ပြင်ဆင်မှု အစီအစဉ်တွင် ပြင်ပအကူအညီကို စောင့်ဆိုင်းစရာမလိုဘဲ ဓာတ်ငွေ့၊ ရေ၊ လျှပ်စစ် စသော စနစ်များကို အမြန်ပိတ်နိုင်သည့် နည်းလမ်းများ ပါဝင်စေရမည်။ ထို့အပြင်၊ ဤအစီအစဉ်သည် ဝန်ထမ်းတစ်ဦးချင်း၏ အခြားတာဝန်များ (ဥပမာ - မိသားစုစောင့်ရှောက်ရေး)ကို ထည့်သွင်းစဉ်းစားပြီး၊ အရေးပေါ် တာဝန်များထက် စာကြည့်တိုက်လုံခြုံရေးကို ဦးစားပေးနိုင်သည့် သီးသန့်တာဝန်ရှိသူ တစ်ဦးကို သတ်မှတ် ထားရပါမည်။ အချို့စာကြည့်တိုက်မှူးများက ဝန်ထမ်းများအား မိသားစုတာဝန်များနှင့် မဆိုင်ဘဲ အရေးပေါ် လုပ်ငန်း စဉ် များတွင် ပါဝင်ရန် လိုအပ်သည်ဟု သတ်မှတ်ကြသော်လည်း၊ လက်တွေ့တွင် စိတ်ရှုပ်နေသော ဝန်ထမ်တစ်ဦးသည် အရေးပေါ်အခြေအနေကို ကိုင်တွယ်ရာတွင် အထောက်အကူပေးနိုင်သည်ထက် အနှောင့်အယှက် ဖြစ်စေနိုင် သည်ဟူသော အချက်ကို သတိပြုရမည်ဖြစ်သည်။

စာကြည့်တိုက်၏ လျှော့ချရေးကြိုတင်ပြင်ဆင်မှုအစီအစဉ် သည် လူ့အဖွဲ့အစည်း၏ အကြီးစား စီမံကိန်းဘောင် တစ်ခု အတွင်းတွင် လုပ်ဆောင်ပြီး၊ အောက်ပါအစီအစဉ်များ ဖြစ်သော-

လူတစ်ဦးချင်းစီ၏ လျှော့ချရေးကြိုတင်ပြင်ဆင်မှုအစီအစဉ်၊ စာကြည့်တိုက်၏ မိခင်အဖွဲ့အစည်း (ဥပမာ - တက္ကသိုလ်၊ မြို့နယ်အုပ်ချုပ်ရေး) မှ အကောင်အထည်ဖော်သော အစီအစဉ်များ၊ မိသားစုများ၏ လျှော့ချရေးကြိုတင် ပြင်ဆင်မှု အစီအစဉ်၊ စာကြည့်တိုက်နှင့် ဒေသတွင်းရှိ အခြားစာကြည့်တိုက်များအကြား ပူးပေါင်းဆောင်ရွက်မှု စီမံချက် များ နှင့် သဟဇာတဖြစ်စွာ လုပ်ကိုင်ရပါသည်။ ငလျင်ဖြစ်ပွားပါက စာကြည့်တိုက်၏အစီအစဉ် ထိရောက်မှုရှိရန် ဒေသတွင်းရှိ အခြားလျှော့ချရေးကြိုတင်ပြင်ဆင်မှု အစီအစဉ်များနှင့် ပေါင်းစပ်ထားသော အစိတ်အပိုင်း တစ်ခုဖြစ်လာ ရန်လည်း လိုအပ်ပါသည်။

စာကြည့်တိုက်တစ်ခုသည် အခြားလျှော့ချရေးကြိုတင်ပြင်ဆင်မှု အစီအစဉ်များနှင့် ချိတ်ဆက်လုပ်ဆောင်နိုင် သော လျှော့ချရေးကြိုတင် ပြင်ဆင်မှုအစီအစဉ် ကို ရေးဆွဲလိုပါက၊ စာကြည့်တိုက်မှူးသည် ထိရောက်သော အစီအစဉ် တစ်ခု၏ အခြေခံအစိတ်အပိုင်းများ ကို ဖော်ထုတ်ရန် လိုအပ်ပြီး၊ လုပ်ငန်းတစ်ခုချင်းစီကို သင့်တော်သောအချိန်တွင် စနစ်တကျ အကောင်အထည်ဖော်ရမည်။ ယေဘုယျအားဖြင့် လျှော့ချရေးကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို အချိန် ကာလ (၃) မျိုး တွင် ဆောင်ရွက်ရပါသည် ။

- ✓ ငလျင်မဖြစ်မီကာလ :
  ငလျင်ကြောင့်ဖြစ်လာနိုင်သည့် ပျက်စီးမှုများကို လျှော့ချရန် အာရုံစိုက်သည့် အစီအစဉ်များ။ ဤအဆင့်တွင် အချိန်နှင့်ငွေကြေးအများဆုံးသုံးစွဲရသည်။

- ✓ လျောင်ဖြစ်နေစဉ်နှင့်လျောင်ပြီးချိန် ချက်ချင်း လုပ်ဆောင်ရန် :
  အရေးပေါ် တုံ့ပြန်မှုလုပ်ငန်းများ (ဥပမာ - လုံခြုံရေးစနစ်များပိတ်ခြင်း)။ ဤအဆင့်တွင် လုပ်ငန်း အရေအတွက် နည်းပါးသည်။
- ✓ လျောင်လုံးဝပြီးဆုံးပြီးနောက် :
  စာကြည့်တိုက်ဝန်ထမ်းများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ (ဥပမာ - ပစ္စည်းများပြန်လည် စုစည်းခြင်း) ပါဝင်သည်။

**၁. လျောင်မဖြစ်မီကာလ :**

အများစုသောစာကြည့်တိုက်များအတွက်၊ လျောင်မဖြစ်မီ ဆောင်ရွက်ရမည့် ကာကွယ်ရေးဆိုင်ရာလုပ်ငန်း (၈) မျိုး ရှိပါသည်။ စာကြည့်တိုက်များ လျောင်ကြိုတင်ပြင်ဆင်ရာတွင် လုပ်ဆောင်ရမည့် ကာကွယ်ရေးလုပ်ငန်း (၈) မျိုးမှာ

က။ စာကြည့်တိုက် အဆောက်အအုံ၏ အန္တရာယ်အကဲဖြတ်ခြင်းနှင့် အန္တရာယ်လျှော့ပါးစေခြင်း

က-၁၊ စာကြည့်တိုက်အဆောက်အအုံ၏ လျောင်ဒဏ်ခံနိုင်မှုကို စစ်ဆေးပြီး လိုအပ်သော အင်ဂျင်နီယာ ပြုပြင်မှုများ ပြုလုပ်ခြင်း။

ခ။ စာအုပ်စင်၊ ပရိဘောဂနှင့် အခြားပစ္စည်းများ၏ အန္တရာယ်စီမံခန့်ခွဲမှု

ခ-၁၊ လျောင်လှုပ်ပါက ပြုတ်ကျခြင်း၊ ပျက်စီးခြင်းမှ ကာကွယ်ရန် ပစ္စည်းများကို စနစ်တကျချိတ်ဆွဲခြင်း။

ဂ။ ဝန်ထမ်းများအတွက် အရေးပေါ် တုံ့ပြန်မှုလေ့ကျင့်ခန်းများ

ဂ-၁၊ လျောင်ဖြစ်ပါက ဘေးကင်းစွာထွက်ခွာနည်း၊ အရေးပေါ်စနစ်များ ပိတ်နည်း စသည့် လက်တွေ့ လေ့ကျင့် သင်ကြားပေးခြင်း။

ဃ။ အရေးပေါ်အသုံးအဆောင်ပစ္စည်းများ စုဆောင်းခြင်း

ဃ-၁၊ ရှေးဦးသူနာပြုကိရိယာ၊ ရေ၊ မီးအိမ်၊ စားနပ်ရိက္ခာစသည့် အရေးပေါ်ပစ္စည်းများ ကြိုတင်ပြင်ဆင် ထားခြင်း။

င။ စာကြည့်တိုက်အလိုက် လျောင်တုံ့ပြန်မှုလေ့ကျင့်ခန်းများ ရေးဆွဲခြင်းနှင့် အလေ့အကျင့်ဖန်တီးခြင်း

င-၁၊ ပုံမှန်လေ့ကျင့်ခန်းများပြုလုပ်ကာ ဝန်ထမ်းများအား လျောင်အကြောင်း သိမှုတိုးတက်စေခြင်း။

စ။ လျောင်ပျက်စီးမှုအကဲဖြတ်ရေးဗျူဟာ ရေးဆွဲခြင်း

စ-၁၊ လျောင်ပြီးနောက် ပျက်စီးမှုအဆင့်ကို အမြန်ဆုံးသိရှိနိုင်ရန် စနစ်တကျစီမံခြင်း။

ဆ။ သန့်ရှင်းရေးနှင့် ပြန်လည်ထူထောင်ရေးလမ်းညွှန်ချက်များ ပြုစုခြင်း

ဆ-၁၊ ပျက်စီးသောပစ္စည်းများကို စနစ်တကျစွန့်ပစ်နည်း၊ ပြန်လည်အသုံးပြုနည်းများ ချမှတ်ခြင်း။

ဇ။ လျောင်ပျက်စီးမှုမှတ်တမ်းများ ပြုစုပြင်ဆင်ခြင်း

၈-၁၊ ပျက်စီးမှုခေတ်ပုံ၊ စာရင်းဇယားများကို စနစ်တကျသိမ်းဆည်းကာ အာမခံနှင့်ဥပဒေရေးရာ အတွက် အထောက် အထားများပြုလုပ်ခြင်း။

ငလျင်ဒဏ်ကြောင့်ပျက်စီးမှုကို ကြိုတင်ကာကွယ်သည့်လုပ်ငန်းများသည် ရိုးရှင်းသည်ဟု ထင်ရသော်လည်း၊ ငွေကြေး အခက်အခဲရှိသည့် စာကြည့်တိုက်များစွာက ဤလုပ်ငန်းများကို မကြာခဏကျော်သွားလေ့ရှိသည်။ အကြောင်းမှာ ငလျင်ပျက်စီးမှု ကာကွယ်ရေးအတွက် ကုန်ကျမည့်စရိတ်သည် အလွန်မြင့်မားလွန်းသည်ဟု ယူဆထားသော ကြောင့်ဖြစ်သည်။

ပထမဆုံး လုပ်ငန်းဖြစ်သည့် အဆောက်အအုံ၏ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အကဲဖြတ်ခြင်းနှင့် ပြုပြင်ခြင်း လုပ်ငန်းသည် စရိတ်စက အများဆုံးဖြစ်သည်ကို ငြင်းမရသော်လည်း၊ ငလျင်မဖြစ်မီ စာကြည့်တိုက်မှူးနှင့် စာကြည့်တိုက် တစ်ခုလုံးအတွက် အရေးအကြီးဆုံးသော လုပ်ငန်းပင်ဖြစ်ပါသည်။ အကယ်၍ စာကြည့်တိုက် အဆောက်အအုံကို ခေတ်မီ မြေငလျင်ဒဏ်ကာကွယ်ရေး စည်းမျဉ်းများ (Seismic Codes) နှင့်အညီ တည်ဆောက်ထားခြင်း မရှိပါက၊ ငလျင်လှုပ်ပြီးနောက် အဆောက်အအုံပြိုကျခြင်း သို့မဟုတ် လူများပိတ်မိနိုင်သည့် အခြေအနေ ဖြစ်နိုင်ခြေ မြင့်မားပါသည်။ အန္တရာယ်ရှိသောအဆောက်အအုံသည် အသက်ဆုံးရှုံးမှုများ ဖြစ်စေနိုင်ပြီး၊ ငလျင်ဒဏ်ခံရပြီးနောက် ပြန်လည်ပြုပြင်ရန် စရိတ်စက ပို၍ကြီးမည် ဖြစ်သောကြောင့်၊ ငလျင် မဖြစ်မီမြို့ပြ အင်ဂျင်နီယာ သို့မဟုတ် အဆောက်အအုံ အင်ဂျင်နီယာ တစ်ဦးဦးက အဆောက်အအုံကို အဆင့်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ငလျင်ဒဏ်ကြောင့်ပျက်စီးမှုကို ကာကွယ်ရန် စာကြည့်တိုက် အဆောက်အအုံများတွင် ပြုလုပ်သင့်သည့် ပုံမှန်ပြုပြင်မှုများတွင်-

-နံရံနှင့်မျက်နှာကျက်များကို ခိုင်ခံ့စေခြင်း

-ခေတ်လေ့ကားများကို ငလျင်ဒဏ်ခံနိုင်အောင် ပြန်လည်ပြင်ဆင်ခြင်း

-မီးသီး မီးချောင်းများကို စနစ်တကျချိတ်ဆွဲခြင်း

-အခြေခံအဆောက်အအုံ၏ ခိုင်ခံ့မှုကို သေချာစေခြင်း

-စိတ်မချရသော အဆောက်အအုံဟောင်းကို ဖြိုဖျက်၍ အသစ်ပြန်လည်တည်ဆောက်ခြင်း တို့ ဖြစ်သည်။

ငလျင်မဖြစ်မီ ကြိုတင်ပြင်ဆင်သင့်သည့် ဒုတိယအဆင့်အဖြစ် ကုန်ကျစရိတ်သက်သာသော လုပ်ငန်း မှာ စာကြည့်တိုက်အတွင်းရှိ စနစ်မကျ၊ ခိုင်ခံ့မှုအားနည်းသော အန္တရာယ်များ (ပစ္စည်း၊ ပရိဘောဂစသည်) ကို အကဲဖြတ်ခြင်းနှင့် လျှော့ချခြင်း ဖြစ်သည်။ စာကြည့်တိုက်အများစုတွင် တွေ့ရလေ့ရှိသော ဤအန္တရာယ်များမှာ -

စနစ်တကျ မတပ်ဆင်ထားသော စာအုပ်စင်/ပရိဘောဂများ

မြေပြင်မှ ပေ ၅ ပေအထက်တွင်ထားရှိသော စာအုပ်စာတမ်း စင်၊ ဗီရိုများ

ငလျင်ဒဏ်ခံ လျှာထိုးတံခါး**လက်ကိုင်ဖုသီး**များ မပါသော စာအုပ်ထည့်ဗီရိုများ

မြဲမြံစွာချိတ်မထားသောကွဲနိုင်သော မှန်ဗီရိုများ

မြေပြင်မှ အမြင့်တွင်ထားပြီး ပြုတ်ကျပါက ကွဲနိုင်သော ပစ္စည်းများ

မြဲမြံစွာ တပ်ဆင်မထားသော ရေပူအိုးများ/လျှပ်စစ်ပစ္စည်းများ

ငလျင်ဖြစ်ပွားမှု၏ ပြင်းအား နှင့် ဦးတည်ရာကို ကြိုတင်မသိနိုင်သောကြောင့်၊ ငလျင်လှုပ်ပါက ပြုတ်ကျနိုင်သည့် ပစ္စည်းများနှင့် ပရိဘောဂ အားလုံးကို လုံခြုံအောင် သေချာအောင်ပြုလုပ်ထားရန် အရေးကြီးပါသည်။ ထို့ကြောင့်၊ စာကြည့်တိုက်အတွင်းရှိ ပရိဘောဂများ၊ ကွန်ပျူတာပစ္စည်းများ၊ စုဆောင်းထားသောပစ္စည်းအားလုံးကို နေရာမရွေး လုံခြုံအောင် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရပါမည်။ ယေဘုယျအားဖြင့်၊ ငလျင်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ကို ရည်ရွယ်ချက် (၂) ရပ်ဖြင့် ဆောင်ရွက်ပါသည် -

လူသားဘေးကင်းရေး : ပစ္စည်းပြုတ်ကျမှုကြောင့် ထိခိုက်ဒဏ်ရာရမှုကို လျော့ချရန်။ လူအပေါ်ပြုတ်ကျနိုင်သော ပစ္စည်းများကို စနစ်တကျချိတ်ဆွဲခြင်း (သို့) အန္တရာယ်ရှိသည့် နေရာများကို သတိပေးတံဆိပ်ကပ်ခြင်းဖြင့် စာကြည့်တိုက်ဝန်ထမ်းနှင့်စာကြည့်တိုက် အသုံးပြုသူများ ဒဏ်ရာရမှုကို လျှော့ချရန်။

စာအုပ်စာတမ်းများ ဘေးကင်းရေး : ငလျင်ဒဏ်ကြောင့် စာအုပ်စာတမ်းများ ပျက်စီးမှုကို တားဆီးရန်။ ပရိဘောဂများကို မြဲမြံစွာတပ်ဆင်ခြင်း၊ ကွဲလွယ်သော/တန်ဖိုးကြီးပစ္စည်းများကို လုံခြုံသောနေရာသို့ ရွှေ့ပြောင်းခြင်းဖြင့် ငလျင်ကြောင့် စာအုပ်စာတမ်းများ၊ စာကြည့်တိုက်ပစ္စည်းများ ပျက်စီးမှုကို ကာကွယ်ရန်။

စာကြည့်တိုက်အဆောက်အအုံ၏ ဖွဲ့စည်းပုံဆိုင်ရာအန္တရာယ်များကို အကဲဖြတ်ရာတွင် ပညာရှင်များ၏ အကူအညီ လိုအပ်သော်လည်း၊ စနစ်တကျတပ်ဆင်မထားသော အန္တရာယ်များသည့် (ပရိဘောဂ၊ ပစ္စည်းများ) ကို အကဲဖြတ်ခြင်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းအများစုကို စာကြည့်တိုက်ဝန်ထမ်းများက ကျွမ်းကျင်ပညာရှင်မလိုဘဲ ကိုယ်တိုင် ဆောင်ရွက်နိုင်ပါသည်။ စာကြည့်တိုက်လုပ်ငန်းစဉ်များကို မသိသော ပြင်ပလူများကို ငှားရမ်းမည့်အစား၊ ဝန်ထမ်းများ အနေဖြင့် ဖော်ပြပါ နည်းလမ်းများဖြင့် ကိုယ်တိုင်ပြင်ဆင်နိုင်ပါသည် ငလျင်ဒဏ်ကြိုတင်ပြင်ဆင်မှုဆိုင်ရာ ဆောင်းပါးများ ဖတ်ရှုခြင်း၊ ဟောပြောပွဲ/အတတ်ပညာ သင်တန်းများ တက်ရောက်ခြင်း။ ဗီရိုများတွင် ငလျင်ဒဏ်ခံ လျှာထိုးတံခါးသီးများ တပ်ဆင်ခြင်း၊ ကွန်ပျူတာများကို စားပွဲနှင့်သံမှိုများဖြင့် ချိတ်ဆက်ခြင်း၊ မှန်ဗီရိုများကို နံရံနှင့်စနစ်တကျ ချိတ်ဆက်ခြင်း၊ ခတ်ငွေ့/ရေလိုင်းများကို ကွေးညွတ်နိုင်သော ပိုက်များဖြင့် အစားထိုးခြင်း စသည့် အကြံပြုချက် များကို အကောင်အထည်ဖော်ထားခြင်း တို့ ဖြစ်သည်။

သတိပြုရန် အချက်မှာ- ပစ္စည်းများကို ချိတ်ဆက်ရာတွင် စာကြည့်တိုက်၏ အခြေခံ အင်္ဂါအစိတ်အပိုင်းများ (ဥပမာ - သံကူကွန်ကရစ်နံရံ၊ ကော်လံ) တို့သာ ချိတ်ဆက်ထားရှိရန် လိုပြီး၊ အလှဆင်ပစ္စည်း များ (ဥပမာ - ခြောက်သွေ့ပြား၊ ပလာစတာနံရံ) သို့ ချိတ်ဆက် မထားသင့်ပါ။

စာကြည့်တိုက်အတွင်းရှိ စာအုပ်စင်များသည် သာမန်ငလျင်ဒဏ်ကြိုတင်ပြင်ဆင်မှု သင်တန်းများတွင် အပြည့်အဝ ဖြေရှင်းမပေးနိုင်သော ထူးခြားသည့်ပရိဘောဂများ ဖြစ်ကြပြီး၊ လေ့ကျင့်ထားသောပညာရှင်မှ စစ်ဆေးရန် လိုအပ်ပါသည်။ စာအုပ်စင်၏ ကြီးမားသောအရွယ်အစားနှင့် အခြေစိုက် မထားသော စာအုပ်စင်သဘာဝ တို့ကြောင့် ငလျင်ဒဏ်ကို အထူးခံနိုင်ရည် နည်းပါးပါသည်။

ထို့အပြင်၊ စာအုပ်စင်များသည် ငလျင်ဖြစ်စဉ်အတွင်း နှစ်ဆအန္တရာယ်ရှိပါသည် - စာအုပ်စင်များ ကိုယ်တိုင် ပြိုကျနိုင်ခြင်းနှင့် စာအုပ်စင်ပေါ်မှ စာအုပ်စာတမ်းများ ပြုတ်ကျခြင်းတို့ ဖြစ်နိုင်ပါသည်။ အခြားပြဿနာတစ်ခုမှာ လူများသည် စာအုပ်စင်များအနီးတွင် ငလျင်ဒဏ်တုံ့ပြန်မှုနည်းလမ်းများကို အသုံးမပြုနိုင်ခြင်းပင် ဖြစ်သည်။ (ဥပမာ - "duck, cover, and hold" နည်း) ဤနည်းလမ်းတွင် လူများအား ငလျင်လှုပ်သည့်အခါ ထိုင်ချပြီး လက်ဖြင့်ဦးခေါင်းကို ကာကွယ်ထားလျက် ငလျင်ပြီးသည်အထိ စောင့်နေရန် သင်ကြားထားသော်လည်း စာအုပ်စင်

အနီးတွင်မူ ဤနည်းကို အသုံးပြုပါက ပြုတ်ကျလာသော စာအုပ်စာတမ်းများကြောင့် အန္တရာယ်များနိုင်သည်။ ထို့ကြောင့် ငလျင်လှုပ်နေစဉ် စာအုပ်စင်အနီးရှိ လူများသည် ဤနည်းလမ်းကို မလိုက်နာဘဲ စာအုပ်စင်မှ ဘေးကင်းသော အကွာအဝေးသို့ အမြန်ရွှေ့ပြောင်းရန် လိုအပ်ပါသည်။

ထို့ကြောင့်၊ စာကြည့်တိုက်ရှိ စာအုပ်စင်များကို ခိုင်ခံ့အောင် ပြုလုပ်ရုံသာမက၊ ငလျင်လှုပ်သည့်အခါ စာကြည့်တိုက် အသုံးပြုသူများနှင့် ဝန်ထမ်းများအား "ခေါင်းကိုကာကွယ်ပြီး ကိုင်ထားရန်" နည်းလမ်း "duck, cover, and hold" နည်းအား ကြိုးစားခြင်းမပြုမိစေရန် လိုအပ်သော အချက်ပြဆိုင်းဘုတ်များ၊ သတိပေးစာများနှင့် လေ့ကျင့်သင်ကြားမှုများ ပေးအပ်ရန် လိုအပ်ပါသည်။

စာကြည့်တိုက်ရှိ စာအုပ်စင်များကို သင့်တော်စွာ ခိုင်ခံ့အောင်ပြုလုပ်ရန်၊ နည်းလမ်းများ စစ်ဆေးအကြံပြုရန် လေ့ကျင့်သင်ကြားထားသော ကျွမ်းကျင်ပညာရှင်များကို ခေါ်ယူဆောင်ရွက်ရန် အရေးကြီးပါသည်။ အဘယ်ကြောင့် ဆိုသော် အင်ဂျင်နီယာဆိုင်ရာ အတွေ့အကြုံရှိသူများသာ ငလျင်ကြောင့်ဖြစ်ပေါ်သော ဖိအားမျိုးစုံ အောက်တွင် စာကြည့်တိုက်စာအုပ်စင်များ၏ တုန့်ပြန်နိုင်ခြေကို နားလည်နိုင်ပြီး၊ ငလျင်နှင့်အတူ လိုက်၍ လိုက်လျောညီထွေ လှုပ်ရှားနိုင်သောစင်များ၊ ငလျင်နှင့် ဆန့်ကျင်လှုပ်ရှားခြင်းမရှိစေသော စင်များကို ခိုင်ခံ့အောင်ပြုလုပ်သည့်စနစ်ကို ဒီဇိုင်းဆွဲနိုင်မည် ဖြစ်သောကြောင့်ဖြစ်သည်။

ငလျင်မလှုပ်မီ ပြင်ဆင်ရမည့် တတိယမြောက် လုပ်ငန်းစဉ်မှာ စာကြည့်တိုက်ဝန်ထမ်းများအား အရေးပေါ် အခြေအနေကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် လုံလောက်သော လေ့ကျင့်မှုများ ပေးထားရန်ဖြစ်သည်။ စာကြည့်တိုက် ဝန်ထမ်းများအတွက် အရေးပေါ်လေ့ကျင့်သင်ကြားမှုတွင် အရေးပေါ်ကုသမှုနည်းလမ်းများ၊ ရှာဖွေကယ်ဆယ်ရေး အခြေခံကျွမ်းကျင်မှုများ၊ အသက်ရှင်ကျန်ရစ်ရေး ကျွမ်းကျင်မှုများနှင့် မီးသတ်နည်းစနစ်များ ပါဝင်သင့်သည်။ ဝန်ထမ်းတိုင်း ဤကျွမ်းကျင်မှုအားလုံးတွင် စွမ်းဆောင်နိုင်မည်ဟု မျှော်မှန်းထားရန် မဖြစ်နိုင်သော်လည်း၊ ဝန်ထမ်း အချို့အား လေ့ကျင့်သင်တန်းများတက်ရောက်စေရန် လွှတ်ပေးခြင်း (သို့မဟုတ်) သင်တန်းစရိတ် များကို ကျခံပေးခြင်းဖြင့် ငလျင်လှုပ်ပါက စာကြည့်တိုက်တွင် လိုအပ်သော ကျွမ်းကျင်မှုရှိသူများ ရှိနေစေရန် ဖြစ်သည်။ အရေးပေါ်လေ့ကျင့်မှုနှင့်အတူ စာကြည့်တိုက်အနေဖြင့် မည်သူ့တွင် အထူးလေ့ကျင့် သင်ကြားထားသော ကျွမ်းကျင်မှု ရှိကြောင်း ဝန်ထမ်းအားလုံးအား အသိပေးထားရမည်ဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ငလျင် ဖြစ်ပေါ်လာပါက ထိုသူများကို အမြန်ရှာဖွေ အသုံးပြုနိုင်မည်ဖြစ်ပါသည်။

ငလျင်မဖြစ်မီ ပြင်ဆင်သင့်သော အရိုးရှင်းဆုံးသော လုပ်ဆောင်ချက်တစ်ခုမှာ ငလျင်ဖြစ်ပြီးနောက် လိုအပ် လာမည့် ပစ္စည်းများနှင့် အရင်းအမြစ်များကို ကြိုတင်စုဆောင်းထားရှိရန်ဖြစ်သည်။ ငလျင်ကာကွယ်ရေး အစီအစဉ် များစွာတွင် အစားအစာ၊ ရေ၊ စောင်၊ အဝတ်အစားစသည့် ပစ္စည်းများကို အဓိကထားသော်လည်း၊ ဤပစ္စည်းများသည် လူတစ်ဦးချင်း သို့မဟုတ် မိသားစုတစ်ခု၏ ငလျင်ကာကွယ်ရေး အစီအစဉ်များနှင့်သာ သက်ဆိုင်ပြီး စာကြည့်တိုက်၏ အစီအစဉ်နှင့် မသက်ဆိုင်ပါ။ စာကြည့်တိုက်က လူတစ်ဦးချင်းအတွက် အရေးပေါ်ပစ္စည်းများကို စုဆောင်းရန်အစား၊ ဝန်ထမ်းများအား မိမိတို့ကိုယ်ပိုင် “ကိုယ်ပိုင်ငလျင်ကာကွယ်ရေးပစ္စည်းအိတ်” များကို ပြင်ဆင် ထားရှိရန်သာ အားပေး သင့်သည်။ ထိုအိတ်များတွင် အထက်ဖော်ပြပါပစ္စည်းများအပြင် ၎င်းတို့၏ ချစ်ရသူများထံ ဆက်သွယ်ရန် လိုအပ်သော အခြားပစ္စည်းများလည်း ပါဝင်သင့်သည်။ လူတိုင်းအား မိမိတို့၏ အရေးပေါ် အစားအစာ ထောက်ပံ့မှုအတွက် ကိုယ်ပိုင် အစီအစဉ်များ ချမှတ်ခွင့်ပေးခြင်းဖြင့် စာကြည့်တိုက်သည် (၁) စာကြည့်တိုက်အတွင်း အစားအစာနှင့်ရေကို အမြောက် အမြား သိုလှောင်ရခြင်း၏ ပြဿနာများကို ရှောင်ရှားနိုင်ပြီး၊ (၂) ငလျင်လှုပ်ပြီးနောက်ပိုင်းတွင် စာကြည့်တိုက်အပေါ် မှီခိုနေရသော လူများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပစ္စည်း ပိုင်ဆိုင်မှု ဆိုင်ရာ ပဋိပက္ခများကိုလည်း ကာကွယ်ပေးနိုင် မည်ဖြစ်သည်။

အများအားဖြင့် စာကြည့်တိုက်၏ ငလျင်ဒဏ်ကာကွယ်ရေးပစ္စည်းများတွင် အောက်ပါ လုပ်ငန်းများအတွက် လိုအပ်သော ကိရိယာများနှင့်ပစ္စည်းများပါဝင်သင့်သည်။ –

-ငလျင်ဖြစ်ပွားစဉ် ပိတ်မိနေသော သို့မဟုတ် ဒဏ်ရာရသူများ အား ကယ်ဆယ်ရန်၊ တည်ငြိမ်အောင် ပြုလုပ်ရန် နှင့်/သို့မဟုတ် ဒဏ်ရာများကိုကုသရန်၊

-စာကြည့်တိုက်အဆောက်အအုံနှင့် စာအုပ်စုဆောင်းမှုများ (အထူးသဖြင့် အဆောက်အအုံ ဖွဲ့စည်းပုံ ပျက်စီးနေသော အခြေအနေများ) ကို လုံခြုံအောင်ပြုလုပ်ရန် နှင့် ငလျင်လှုပ်ပြီးနောက် စာကြည့်တိုက်ကို အချိန်ကြာမြင့်စွာ ပိတ်ထားရန် လိုအပ်လျှင် စာကြည့်တိုက်ပစ္စည်းများ ပျက်စီးမှု မှကာကွယ်ပေးရန်၊

-ငလျင်လှုပ်ပြီးနောက် စာကြည့်တိုက်၏ သန့်ရှင်းရေးလုပ်ငန်းများတွင် အထောက်အကူပြုရန်။

ငလျင်လှုပ်ဖြစ်ပြီးနောက် စာကြည့်တိုက်မှ လူများကို ဘေးကင်းစွာ ရွှေ့ပြောင်းရာတွင် အထောက်အကူပြုမည့် ပစ္စည်းများ အနေဖြင့် မီးဘေးစသည့် ဒုတိယအဆင့်အန္တရာယ်များကို ကာကွယ်ရန်နှင့် ချိတ်ဆက်မှုထိန်းသိမ်းရန် အရေးပါသော ကိရိယာများ ဖြစ်သော-

အရေးပေါ်ဆေးဘက်ဆိုင်ရာပစ္စည်းများ (First Aid Kits)၊ သံတူ (သို့) ဖောက်ထုတ်ရန် သံချောင်းများ (Crow Bars) ခိုင်ခံ့သော ဦးထုပ်များ (Hard Helmets)၊ ကြိုး၊ လှေကား၊ မီးသတ်ပုံးများ၊ လူနာတင်ရန်ခုတင် (Stretchers)၊ ဓာတ်မီးများ၊ ရေဒီယိုများ စသည့် ပစ္စည်းများ လိုအပ်ပါသည်။

မြို့ပြ ဝန်ဆောင်မှုများ ပြန်လည်စတင်သည်အထိ ပျက်စီးနေသော စာကြည့်တိုက်အဆောက်အအုံကို လုံခြုံအောင် ထားရှိရန် လိုအပ်မည့် ပစ္စည်းများမှာ -ဓာတ်ငွေ့နှင့် ရေပိုက်လိုင်းများကို ပိတ်ရန် အထူးသုံးပလာယာများ၊ ဖုံးအုပ်ရန် တာပေါ်လင်စ (သို့) ပလပ်စတစ်စ၊ ကြိုး၊ အရေးပေါ် အချက်ပြဆိုင်းဘုတ်များ၊ ပလပ်စတစ်၊ စက္ကူ၊ သံကြိုးနှင့် သော့ခလောက်များစသည့် ပစ္စည်းမျိုးများ ဖြစ်ပါသည်။

ငလျင်အပြီး စာကြည့်တိုက်သန့်ရှင်းရေးအတွက် ထပ်မံလိုအပ်မည့် ပစ္စည်းများမှာ -အပိုစင်များ၊ ပစ္စည်း သယ်ရန် လှည်းများ၊ လက်အိတ်များ၊ လုံခြုံရေး မျက်မှန်များစသည်တို့ ပါဝင်ပါသည်။ စာကြည့်တိုက်ဝန်ထမ်းများအား ငလျင်ဆိုင်ရာ လိုက်လျောညီထွေရှိသော ပစ္စည်းများ ရွေးချယ်ခြင်းနှင့် စုဆောင်းခြင်း လုပ်ငန်းတွင် ပါဝင်စေခြင်းဖြင့် စာကြည့်တိုက်သည် ငလျင်အတွက် ကြိုတင်ပြင်ဆင်ရုံသာမက၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ ကိုယ်ပိုင်ဒဏ်ငလျင်ကြိုတင်ကာကွယ်ရေးပစ္စည်းများ (individual earthquake preparedness kit) အဖြစ် မည်သည့်ပစ္စည်းများ စုဆောင်းရမည်ကို သတ်မှတ်ရန်၊ ဝန်ထမ်းများအတွက် လက်တွေ့အသုံးဝင်ပြီး တစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် အညီ ပြင်ဆင်နိုင်ရန်လည်း အထောက်အကူ ဖြစ်စေပါသည်။

ငလျင်မတိုင်မီ ကြိုတင်ပြင်ဆင်ရမည့် အရေးပါသောလုပ်ငန်းများအနေနှင့် ငလျင်မလှုပ်ခင် စာကြည့်တိုက်ဝန်ထမ်းများအား ငလျင်ကိုသတိပြုနိုင်သော အလေ့အထများ (quake-awareness habits) သင်ကြားပေးခြင်းနှင့် အပြည့်အစုံ လုပ်ဆောင်နိုင်သည့် ငလျင်တုံ့ပြန်ရေးအစီအစဉ် (earthquake response plan) ရေးဆွဲခြင်း တို့ကို ဆောင်ရွက်သင့်ပါသည်။ ထိုအစီအစဉ်ကို စာကြည့်တိုက်ဝန်ထမ်းအားလုံးမှ တစ်နှစ်လျှင် အနည်းဆုံး နှစ်ကြိမ်လေ့ကျင့် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ငလျင်လှုပ်လာချိန်တွင် အောက်ပါ ရိုးရှင်းသော အလေ့အကျင့်များ ကို သိရှိနားလည်ထားပါက စာကြည့်တိုက်ဝန်ထမ်းများအတွက် လုံခြုံစေပါသည် - စားပွဲအောက်သို့ ခေါင်းကိုကာပြီး ဝင်ရောက်ခြင်း (ငလျင်စတင်လှုပ်သည်နှင့်) ၊ စာကြည့်တိုက်အတွင်း ဘေးကင်းရာနေရာများကို ကြိုတင်သိရှိထားခြင်း (ဥပမာ - နံရံများနှင့်ဝေးသောနေရာ၊ ပြတင်းပေါက်များမှကင်းဝေးသောဧရိယာ) နေ့စဉ်လုပ်ငန်းခွင်တွင် အန္တရာယ်ရှိပစ္စည်းများ (ဥပမာ - ဓာတုပစ္စည်း၊ မတည်ငြိမ်သော အရာ များ)ကို လုံခြုံစွာ မထားရှိသော ပစ္စည်းများ (ဥပမာ - ပွင့်နေသော ပုလင်း၊ မလုံသောဘူး) တွင် သိုလှောင်မှု မရှိရန် သတိပြုခြင်း။

စာကြည့်တိုက်၏ လျောင်ဒဏ်တုံ့ပြန်ရေး အစီအစဉ်တွင် ထည့်သွင်းရမည့် အရေးကြီးအချက်များ အနေနှင့် လျောင်ဖြစ်စဉ်အား ကြိုတင်တုံ့ပြန်နည်းကို သိရှိရုံသာမက၊ စာကြည့်တိုက်၏ အရေးပေါ် တုံ့ပြန်ရေးအစီအစဉ်တွင် အောက်ပါအချက်များလည်း ပါဝင်ရပါမည် - အရေးကြီးဖုန်းနံပါတ်များစာရင်း ပြုစုခြင်း၊ မီးသတ်စခန်း၊ ဆေးရုံ၊ လျှပ်စစ်နှင့် ရေပိုက်လိုင်း ပြင်ဆင်ရေးဌာန၊ စီမံခန့်ခွဲရေးဌာနစသည့် အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်များကို စာရင်းပြုစုပြီး ဖုန်းများ အနီးတွင် သိမ်းဆည်းထားရန်။ စာကြည့်တိုက်၏ အရေးပါဒေတာများကို အရံအဖြစ် သိမ်းဆည်းခြင်း စာအုပ်စာတမ်းများ၊ သုတေသနဒေတာ၊ စာရင်းဇယားများစသည့် အရံကူးထားသော ဖိုင်များကို မီး/ရေ/အမှိုက်ဒဏ်မှ ကာကွယ်နိုင်သော လုံခြုံရာနေရာများတွင် ပုံမှန်သိမ်းဆည်းခြင်း။

စာကြည့်တိုက်မှ လူများစွန့်ခွာထွက်ပြေးရန် လုပ်ထုံးလုပ်နည်း (Evacuation Procedures)များ၊ လျောင်ရပ်တန့်ပြီးနောက် ဘေးကင်းရာ စုရပ် (Assembly Point) သို့ လုံခြုံစွာရောက်ရှိရန် လမ်းကြောင်းများနှင့် အချက်ပြစနစ်များသတ်မှတ်ခြင်း။ တာဝန်ခွဲဝေမှု စနစ်ကျစွာသတ်မှတ်ခြင်း (Chain of Command)၊ အရေးပေါ်အခြေအနေတွင် ဆုံးဖြတ်ချက်ချမည့်သူ၊ တာဝန်ခံများ၊ အဖွဲ့ခွဲများကို ကြိုတင်သတ်မှတ်ထားခြင်းဖြင့် လုပ်ငန်းစဉ်များ ချောမွေ့စေရန်။ လျောင်ဖြစ်စဉ်အတွင်း ပြိုကျပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရသူများအား ရှေးဦးသူနာပြုစုနည်းဖြင့် အကူအညီပေးနည်း (First Aid)၊ ဆေးရုံသို့ အမြန်ပို့ဆောင်ရေးနှင့် အန္တရာယ်ကင်းရာသို့ ရွှေ့ပြောင်းနည်းများ သင်ကြားထားခြင်း တို့ ဖြစ်သည်။

လျောင်လှုပ်ပါက စာကြည့်တိုက်အနေဖြင့် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို အတိအကျခန့်မှန်းရန် မဖြစ်နိုင်သော်လည်း၊ ဝန်ထမ်းတစ်ဦးချင်းစီအား သတင်းအချက်အလက်များ နှင့် လျောင်ဖြစ်စဉ်အတွင်း ကိုယ်တိုင်ရပ်တည်နိုင်သောအရည်အသွေး များကိုပြင်ဆင်ပေးထားပါက၊ ပစ္စည်းများပျက်စီးမှု နှင့် လူအများထိခိုက်ဒဏ်ရာရရှိမှုအန္တရာယ် နှစ် မျိုးလုံးကိုလျှော့ချနိုင်မည်ဖြစ်ပါသည်။

လျောင်တုံ့ပြန်ရေးအစီအစဉ်ကို တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ်လေ့ကျင့်ဆောင်ရွက်ခြင်းသည်စာကြည့်တိုက်ဝန်ထမ်းများအား အမှန်တကယ်လျောင်နှင့် ရင်ဆိုင်ရာတွင် အကူအညီပေးနိုင်ရုံသာမက၊ စာကြည့်တိုက်တွင် ဖြစ်ပေါ်နိုင်သည့် အခြား အရေးပေါ်အခြေအနေများကို ကိုင်တွယ်နိုင်ရန် ပိုမိုပြင်ဆင်ထားနိုင်စေမည်ဖြစ်ပါသည်။ အဆောက်အအုံဆိုင်ရာနှင့် အဆောက်အအုံကြောင့်မဟုတ်သော အခြားအန္တရာယ်များကိုလည်း လျှော့ချနိုင်ခြင်းအပြင်၊ စာကြည့်တိုက်များအနေဖြင့် လျောင်ဒဏ် တုံ့ပြန်ရေး အစီအစဉ်များကို လေ့ကျင့်ထားခြင်းသည် လျောင်အတွက် အဆင်သင့်ပြင်ဆင်ရာတွင် ဆောင်ရွက်နိုင်သည့် အရေးကြီးဆုံးသော အဆင့်တစ်ခု ဖြစ်ပါသည်။

ဤသို့ဆောင်ရွက်ခြင်း၏ အကြောင်းရင်းမှာ လျောင်ဘေးဒဏ်အတွက် အဆင်သင့်ပြင်ဆင်မှုသည် အရေးကြီးသည်သာမက၊ လျောင်ဖြစ်ပါက မည်သို့တုံ့ပြန်ရမည်ကို လူတိုင်းပါဝင်စဉ်းစား လာစေနိုင်သောကြောင့် ဖြစ်ပါသည်။ စာကြည့်တိုက် များစွာတွင် လျောင်ဘေးဒဏ်အဆင်သင့်ပြင်ဆင်ရေး ကော်မတီကို စာကြည့်တိုက် ဝန်ထမ်းများမှ တချို့ဝန်ထမ်း အနည်းငယ်ထည့်သွင်းဖွဲ့စည်းထားလေ့ရှိပြီး၊ ထို အစုအဖွဲ့တွင်၊ စာကြည့်တိုက်မှူးများ ကိုယ်တိုင်ပင် ပါဝင်လေ့မရှိကြပါ။

သို့သော်၊ စာကြည့်တိုက်ဝန်ထမ်းအားလုံးနှင့် စာကြည့်တိုက်မှူးတို့ ပါဝင်ခြင်းမရှိပါက လျောင်ဒဏ်အတွက် အဆင်သင့် ပြင်ဆင်မှုကို အရေးမကြီးဟု မှတ်ယူခံရနိုင်ပြီး၊ အဆောက်အအုံဆိုင်ရာနှင့် အဆောက်အအုံကြောင့် မဟုတ်သော အန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် ထိခိုက်မှု လျော့ချခြင်းများက မဖြစ်နိုင်တော့ပါ။ စာကြည့်တိုက် ဝန်ထမ်းများ၊ အထူးသဖြင့် စာကြည့်တိုက်မှူးတို့က လျောင်ဒဏ်တုံ့ပြန်ရေး လေ့ကျင့်မှုများတွင် ပါဝင်လာခြင်းဖြင့်၊

စာကြည့်တိုက်၏ ငလျင်ဒဏ်ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများသည်  အရည်အသွေးနှင့် လျော်ညီသော အသိအမှတ်ပြုမှုကို ရရှိနိုင်စေပါသည်။

စာကြည့်တိုက်အနေဖြင့် ငလျင်ဒဏ်ကြောင့် ဒဏ်ရာရသူများအား ကူညီရန်အစီအစဉ်နှင့် စာအုပ်စာတမ်းပစ္စည်းများ လုံခြုံစေရေးအတွက် အစီအစဉ်များ ရေးဆွဲနေချိန်တွင်၊ စာကြည့်တိုက်မှူးသည် ငလျင်ကြောင့် အဆောက်အအုံ ဆိုင်ရာနှင့် အဆောက်အအုံကြောင့်မဟုတ်သော အစိတ်အပိုင်းများအပေါ် ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးမှုများကို အကဲဖြတ်ရန် အစီအစဉ်တစ်ရပ်ကိုလည်း ပြင်ဆင်ထားရှိ ရပါမည်။ စာကြည့်တိုက်အား လှည့်လည်ကြည့်ရှုကာ စာအုပ်စင်များ သို့မဟုတ် အဆောက်အအုံသည် လူအခြေချနေထိုင်ရန် ဘေးကင်းလုံခြုံမှုရှိမရှိ ဆုံးဖြတ်ခြင်းသည် ရိုးရှင်းသည်ဟု ထင်ရသော်လည်း၊ အမှန်တကယ်တွင် ယင်းထက် များစွာ ပိုမိုရှုပ်ထွေးပါသည်။ အခြားသဘာဝ ဘေးအန္တရာယ်များသည် တစ်ကြိမ်တည်းဖြင့် သက်ရောက်လေ့ရှိသော်လည်း၊ ပြင်းထန်သော ငလျင် ကမူ နောက်ဆက် တွဲ ငလျင်လှုပ်ခတ်မှုများ (aftershocks) သို့မဟုတ် မြင့်မားသည့်တုန်ခါမှုများ မကြာခဏဆက် တိုက် ဖြစ်ပေါ်တတ်လေ့ရှိပါသည်။

ငလျင်တစ်ခုကို ငလျင်၏လှုပ်ခတ်မှုပြင်းအား (magnitude)၊ ကြာချိန် (duration)၊ ဖြစ်ပေါ်သည့်အချိန် (timing)၊ နှင့် နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုအရေအတွက်များ (aftershocks) အပါအဝင် အချက်များစွာအပေါ်မူတည်၍  သာမန်ငလျင် သို့မဟုတ်ဘေးအန္တရာယ်ကြီးမားသော ငလျင်အဖြစ်သတ်မှတ်ကြ ပါသည်။ ငလျင်လှုပ်အပြီး ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုများသည် မူလငလျင်၏ ဦးတည်ရာ (direction) သို့မဟုတ် ကြိမ်နှုန်း (frequency) နှင့် အမြဲတစေ တူညီနိုင်ခြင်းမရှိသောကြောင့်၊ ပထမငလျင်ကြောင့် အားနည်းသွား သော်လည်း ကနဦးငလျင်အတွင်း မပြိုကျခဲ့သည့် အဆောက်အဦများ သို့မဟုတ် စာအုပ်စင်များသည် နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုများအတွင်း ပြိုကျခြင်းများ ဖြစ်ပေါ်တတ်လေ့ရှိပါသည်။

ထို့ကြောင့်၊ ကနဦးငလျင်သည် စာအုပ်စင်များရှိ ကြက်ခြေခတ်တိုင်များကို (cross braces) လျော့ရဲစေခြင်း၊ အဆောက်အအုံအပြင်ဘက်မျက်နှာပြင်များ (building facades) ကွာကျခြင်း၊ နှင့် ဓာတ်ငွေ့ပိုက်လိုင်းများ ယိုစိမ့်ခြင်း (gas main leaks) စသည့် ပြဿနာများကို ဖြစ်စေနိုင်ပြီး၊ ဤအချက်များအားလုံးကို သင်တန်း တက်ရောက်မထားသော စာကြည့်တိုက်မှူးတစ်ဦးက ချက်ချင်းမသိရှိနိုင်ပါ။ ထို့ကြောင့်၊ ဤပြဿနာများကို ဖော်ထုတ်ရန် လေ့ကျင့်ထားသော ပညာရှင်တစ်ဦး၏ အကြံဉာဏ်ကို မရယူဘဲ စာကြည့်တိုက်သည် ဘေးကင်းမကင်းကို ဆုံးဖြတ်ရန်ကြိုးစားခြင်းသည် အန္တရာယ်များသော လုပ်ရပ်ဖြစ်ပြီး၊ ကြီးမားသော နောက်ဆက်တွဲငလျင်လှုပ်ပါက လူများ ပြင်းထန်စွာဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းအတွက် စာကြည့်တိုက် မန်နေဂျာသည် ဥပဒေအရ တာဝန်ရှိနေပါသည်။ စာကြည့်တိုက်မှူးများအနေနှင့် ငလျင်ကြောင့် စာကြည့်တိုက် ပျက်စီးမှုကို ကိုယ်တိုင်အကဲဖြတ်ရန် အန္တရာယ်ရှိသောကြောင့်၊ ငလျင်မလှုပ်ခင် ကြိုတင်ပြင်ဆင်ရေး ကော်မတီအနေနှင့် လေ့ကျင့်သင်ကြားထားပြီး အာမခံချက်ရှိသည့် ပညာရှင်များ (အထူးသဖြင့် ဗျူဟာမြောက် ပျက်စီးမှုကို စနစ်တကျ အကဲဖြတ်နိုင်သူများ) ကို ကြိုတင်သတ်မှတ်ထားရန် အရေးတကြီးလိုအပ်ပါသည်။ ထို့အပြင် အကဲဖြတ်မှု လိုအပ်ချိန်မတိုင်မီ စာကြည့်တိုက် ဝန်ထမ်းအားလုံးက ထိုပညာရှင်များ၏ အရည်အချင်းနှင့် လုပ်ပိုင်ခွင့်ကို သဘောတူညီထားရမည်ဖြစ်ပါသည်။ ကြီးမားသော ငလျင်တစ်ခုသည် စာကြည့်တိုက်အဆောက်အအုံကို ပြင်းထန်စွာ ပျက်စီးစေနိုင်ပြီး စာကြည့်တိုက်ကို ကြာရှည်စွာ ပိတ်ထားရန် လိုအပ်ပါသည်။။ အလယ်အလတ်နှင့် သေးငယ်သောငလျင်များကြောင့် များသောအားဖြင့် စာအုပ်စင်၌ရှိသော စာအုပ်အများအပြား ကြမ်းပြင်ပေါ်သို့ ကျရောက်ခြင်းသာ ဖြစ်တတ်ပါသည် (ထိုသို့ဖြစ်စေရန် လည်း စာကြည့်တိုက်က ဗျူဟာမြောက်နှင့် ဗျူဟာမမြောက်သော ငလျင်ပျက်စီးမှု လျှော့ချရေးလုပ်ငန်းစဉ်များကို စနစ်တကျ

ပြုလုပ်ထားခြင်းကြောင့်)။ ထို့ကြောင့် ငလျင်ဒဏ်ကြောင့် စာကြည့်တိုက် အကြီးအကျယ် မပျက်စီးခဲ့ သော်လည်း ၉၅% အထိ စာအုပ်များက ကြမ်းပြင်ပေါ် ကျရောက်နိုင်ပြီး၊ စာကြည့်တိုက်ကို အသုံးပြု၍မရနိုင်သော အနေအထားသို့ ရောက်ရှိနိုင်ပါသည်။

ငလျင်ကြောင့် စာအုပ်စင်စနစ်များ ပျက်စီးပြိုလဲမှုကို လုံးဝတားဆီး၍မရသောကြောင့်၊ စာကြည့်တိုက် ဝန်ထမ်း အားလုံး **(ပုံမှန်တွင်စာအုပ်စင်တင်အလုပ်ကိုလုပ်ကိုင်လေ့မရှိသူများပါမကျန်)**သည် ငလျင်အပြီး စာအုပ်စင် ပြန်လည် စင်တင်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီရမည်ကို ကြိုတင်နားလည်ထားရန် အရေးကြီးပါသည်။ ထို့အပြင် ငလျင်မလှုပ်မီ ကတည်းက ဝန်ထမ်းအားလုံးကို အဖွဲ့များခွဲကာ စာအုပ်စင်ပြန်လည် စင်တင်ရန် ကြိုတင်အသိ ပေးထား ခြင်း ၊ စာအုပ်စင် ပြန်လည် စင်တင်ရေးလုပ်ငန်းများကို စနစ်တကျကြီးကြပ်ရန် ယန္တရားတစ်ခုအဖြစ် ကြိုတင် စီမံထား ခြင်းသည် ငလျင်ဖြစ်ပြီးမှ စတင်စီစဉ် ခြင်းထက် ပိုမိုလွယ်ကူစေပါသည်။

စာကြည့်တိုက် အပျက်အစီးများကို သန့်ရှင်းရေးလုပ်ခြင်းသည် စာအုပ်စင်တင်လုပ်ငန်း လုပ်သောသူများ သာမက စာကြည့်တိုက်ရှိဝန်ထမ်း အားလုံး ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိကြောင်း အားလုံးကသိရှိမှသာ၊ သန့်ရှင်းရေး လုပ်ငန်းသည် အချိန်မီပြီးမြောက်ဖွယ်ရှိပြီး စာကြည့်တိုက်ကို ပြည်သူများအတွက် မကြာမီ အချိန်မီ ပြန်လည်ဖွင့် လှစ်နိုင်မည်ဖြစ်သည်။။။

နောက်ဆုံးအနေနှင့် စာကြည့်တိုက်တစ်ခုသည် ငလျင်မဖြစ်ခင်ကတည်းက ငလျင်ကြောင့်ဖြစ်လာနိုင်သော ပျက်စီးမှု များကို မှတ်တမ်းတင်ရန် အစီအစဉ်များ ကြိုတင်ပြင်ဆင်ထားရပါမည်။ ငလျင်ဖြစ်ပြီးချိန်တွင် သင့်တော် သော ကင်မရာ ရှာဖွေရန် လက်တွေ့တွင် မဖြစ်နိုင်ပါ။ ထို့ကြောင့် ငလျင်မတိုင်ခင်ကပင် ကြိုတင်ပြီး ရိုးရှင်းလွယ်ကူ သော ကင်မရာကို စုဆောင်းထားပြီး စာကြည့်တိုက် အတွင်း လွယ်ကူစွာ ရယူနိုင်သောနေရာတွင် သိမ်းဆည်း ထား ရပါမည်။ ဤကဲ့သို့ပြင်ဆင်မှုများက ဘေးအန္တရာယ်တစ်ခုခု ဖြစ်လာချိန်တွင် အရေးပေါ် အသုံးပြုနိုင်ရန် အကူအညီ ပေးနိုင်ပါသည်။

ထို့အပြင် စာကြည့်တိုက်၏ ကြိုတင်ပြင်ဆင်မှုအစီအစဉ်တွင် လက်ရှိအခြေအနေများကို မှတ်တမ်းတင်ရန် လည်း ပုံမှန်ဓာတ်ပုံရိုက်ကူးထား ရပါမည်။ ထိုဓာတ်ပုံများသည် ငလျင်ကြောင့် စာကြည့်တိုက် အကြီးအကျယ် ပျက်စီးပါက "မတိုင်မီက ဓာတ်ပုံများ" အဖြစ် ပြန်လည် အသုံးဝင်မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဖက်ဒရယ် အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီ (FEMA) နှင့် အခြားအရေးပေါ်ငွေကြေးထောက်ပံ့သည့် အဖွဲ့အစည်းများထံမှ ငွေကြေးမရယူမီ ပျက်စီးမှုအားလုံးကို မှတ်တမ်းပေးပို့ရန် လိုအပ်သောကြောင့် ငလျင်မတိုင်မီနှင့် ငလျင်ဖြစ်ပြီးနောက် ရိုက်ထားသည့် ဓာတ်ပုံများသည် အရေးပေါ် ငွေကြေးတောင်းခံခြင်း သို့မဟုတ် စာကြည့် တိုက်ကို မူလအခြေအနေသို့ ပြန်လည်ထူထောင်ရန် ရန်ပုံငွေရှာဖွေခြင်း တို့အတွက် မရှိမဖြစ် အထောက်အထား များ ဖြစ်ပါသည်။

စာကြည့်တိုက်တစ်ခုသည် ငလျင်ကြိုတင်ပြင်ဆင်ရေးလုပ်ငန်း (၈) ခုကို ကောင်းစွာ အကောင်အထည် ဖော် ထားပါက၊ ငလျင်ဖြစ်ပေါ်လာသည့်အခါ ၎င်း၏အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်ကို ချောမွေ့စွာ လုပ်ဆောင်နိုင်မည်ဖြစ် သည်။ သို့သော် စာကြည့်တိုက်က မည်မျှကောင်းစွာ ကြိုတင်စီမံထားသည်ပင် ဖြစ်ပါစေ၊ ငလျင်ဒဏ် ခံစားရသည့် အချိန်တွင် တာဝန်ရှိသူ ဝန်ထမ်းများသည် ခက်ခဲသောဆုံးဖြတ်ချက်များကို ချမှတ်ရန် လိုအပ်ဦးမည်သာ ဖြစ်သည်။ အထူးသဖြင့် စာကြည့်တိုက်၏ ပျက်စီးမှုအဆင့်ကို အကဲဖြတ်ခြင်း သို့မဟုတ် စာကြည့်တိုက်ကို ဆက်လက်ဖွင့်ထားနိုင် မနိုင် ဆုံးဖြတ်ရသည့် အခြေအနေမျိုးတွင်၊ ပထမဦးစားပေးအဖြစ် မိမိနှင့် အခြားသူများ၏ ဘေးကင်းရေးကို အမြဲ ဦးစားပေးရန် အထူးလိုအပ်ပါသည်။ အခြားသော စဉ်းစားစရာများထက် လူ့အသက်နှင့် လုံခြုံရေးကို ရှေ့တန်းတင်ရ မည်ဖြစ်ပါသည်။

လူတိုင်း၏ ကိုယ်ရေးကိုယ်တာ ဘေးကင်းလုံခြုံမှုသည် အမြဲဦးစားပေးအဖြစ် ရှိနေရမည်ဖြစ်သောကြောင့်၊ စာကြည့်တိုက်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချရာတွင် အခြားအရာများကို နောက်သို့သာ ထားရမည်။ ဆိုလိုသည်မှာ လူ့အသက်နှင့် လုံခြုံရေးကို ရည်ရွယ်၍ အန္တရာယ်ဖြစ်စေမည့် ဆုံးဖြတ်ချက်မျိုးကို လုံးဝမချသင့်ပါ။ ဥပမာအားဖြင့်၊ စာအုပ်စင်များ ပြိုလဲနေပြီး မလုံခြုံသောနေရာဟု ထင်ရှားနေပါက၊ ထိုနေရာသို့ (ပျက်စီးမှုအခြေအနေကို စစ်ဆေးရန် ရည်ရွယ်ချက်ဖြင့်ပင်) ဝင်ရောက်ခြင်း သို့မဟုတ် အခြားဝန်ထမ်းများအား ဝင်ရောက်စေခြင်းကို လုံးဝ ရှောင်ကြဉ်ရပါမည်။ ယင်းအစား၊ ထိုဧရိယာမှ လူများကို အရင်ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပြီး၊ ငလျင်နောက်ဆက်တွဲများ လုံးဝပြီးဆုံးကာ စာအုပ်စင်များကို ယာယီခိုင်ခံ့အောင် ပြုလုပ်ပြီးမှသာ၊ ငလျင်ကြောင့် ဖြစ်ပေါ်လာသော ပျက်စီးမှုကို အကဲဖြတ်သင့်သည်။

စာကြည့်တိုက်မှူးများသည် အမြဲတမ်း စာကြည့်တိုက်ဝန်ဆောင်မှုများကို ပေးစွမ်းရန် နှင့် ထိန်းသိမ်းရန် အလေးထားခဲ့ကြသော်လည်း၊ ငလျင်သည် စာကြည့်တိုက်၏ ဦးစားပေးမှုများကို ပြောင်းလဲရန် လိုအပ်သော အဖြစ် အပျက်များထဲမှ တစ်ခုဖြစ်နိုင်ပါသည်။ ငလျင်ဖြစ်စဉ် သို့မဟုတ် အခြားအရေးပေါ်အခြေအနေ တစ်ရပ်တွင်၊ စာကြည့်တိုက်ဝန်ဆောင်မှုများကိုဆက်လက်ပေးခြင်းသည် နောက်ဆုံးအဆင့် သာဖြစ်သင့်သည်။ စာကြည့်တိုက်ဝန်ဆောင်မှုများကိုဆက်လက်ပေးနေခြင်းအစား-

၁။ လူသားများထိခိုက်ဒဏ်ရာရရှိမှုကိုကာကွယ်ခြင်း (ပထမ)

၂။ စာအုပ်စာတမ်းများကိုထိန်းသိမ်းခြင်း (ဒုတိယ)

ဤအဆင့်နှစ်ခုကို စာကြည့်တိုက်သုံးစွဲသူများအား ဝန်ဆောင်မှုဆက်လက်ပေးခြင်းထက် ပို၍ ဦးစားပေး ရန် လိုအပ်ပါသည်။ ဤအချက်သည် စာကြည့်တိုက်၏ ပုံမှန်လုပ်ငန်းစဉ်များထက် ဘေးအန္တရာယ်ကာကွယ်ရေးကို အမြင့်မားဆုံး ထားရှိရမည့် အခြေအနေကို ဖော်ပြပါသည်။

ဇယား . ငလျင်ကြောင့် စာကြည့်တိုက် ဝန်ထမ်းများ လုပ်ဆောင်ရမည့် ဦးစားပေးအဆင့်များ

| |
|---|
| 1. မိမိကိုယ်တိုင်ဘေးကင်း လုံခြုံစေခြင်း. |
| 2. အခြားသူများကိုဘေးကင်းလုံခြုံစေခြင်း. |
| 3. အစားထိုး၍ မရနိုင်သော စာကြည့်တိုက်ပစ္စည်းများအတွက် ဘေးကင်း လုံခြုံစိတ်ချစေခြင်း. |
| 4. အစားထိုး၍ ရနိုင်သော စာကြည့်တိုက်ပစ္စည်းများနှင့် စာကြည့်တိုက် အဆောက်အဦအတွက် လုံခြုံစိတ်ချစေခြင်း |
| 5. စာကြည့်တိုက်လုပ်ငန်းများ ဆက်လက်၍ လည်ပတ်စေခြင်း၊ စာကြည့်တိုက်ဝန်ဆောင်မှုများ ဆက်လက်ပေးခြင်း |

ဤနည်းလမ်းဖြင့် ဦးစားပေးမှုများကို ပြန်လည်စီစဉ်ခြင်းဖြင့်သာလျှင်၊ စာကြည့်တိုက်မှူး (သို့မဟုတ်) ငလျင်ဖြစ်သည့် အချိန်တွင် တာဝန်ရှိသူသည် အရေးပေါ်အခြေအနေတွင် လိုအပ်လာမည့် အရေးကြီးဆုံး ဖြတ်ချက်များကို မြန်ဆန်စွာ ချမှတ်နိုင်မည်ဖြစ်သည်။ ငလျင်ဒဏ်ခံခဲ့ရသော စာကြည့်တိုက်၏ အမျိုးအစားပေါ် မူတည်၍၊ ဝန်ဆောင်မှုများ ဆက်လက်ပေးရန် ဖိအားသည် များစွာကွဲပြားနိုင်သည်။ ဥပမာအားဖြင့်၊ တက္ကသိုလ်နှင့် ပညာရေးဆိုင်ရာ စာကြည့်တိုက်များတွင် စာကြည့်တိုက်မှူးများအား သင်ကြားရေးလုပ်ငန်းများအတွက် လိုအပ်သော ဝန်ဆောင်မှုများကို ဆက်လက်ပေးရန် ဖိအားများ အလွန်အမင်းခံစားရနိုင်သည်။ အရေးပေါ်အခြေအနေတွင် စာကြည့်တိုက်တာဝန်ရှိသူ၏ ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းနှင့် စာကြည့်တိုက် အမျိုးအစားအလိုက် ဝန်ဆောင်မှုဆက်လက်ပေးရန် ဖိအားများမှာ ကွာခြားပါသည်။ ပညာရေးဆိုင်ရာ စာကြည့်တိုက်များတွင် သင်တန်းများအတွက် အထောက်အပံ့ဖြစ်စေရန် ဝန်ဆောင်မှုများ မပြတ်စေရေး ဖိအား မြင့်မားကြောင်း တွေ့ရနိုင်ပါသည်။

အကြောင်းရင်းမှာ စာကြည့်တိုက်ကို အသုံးပြုခွင့်မရှိပါက ကျောင်းသားများအနေဖြင့် သူတို့၏သင်ခန်းစာလုပ်ငန်းများကို အချိန်မီပြီးမြောက်ရန် အလွန်ခက်ခဲပြီး၊ ပညာရေးအဖွဲ့အစည်းအနေဖြင့်လည်း ကျောင်းသားများကို

ဘွဲ့အပ်နှင်းခြင်းကို ရွှေ့ဆိုင်းထားရန် မဖြစ်နိုင်သောကြောင့်ဖြစ်သည်။ ပညာရေးဆိုင်ရာ စာကြည့်တိုက်မှူးများ အပေါ် ထပ်ဆင့်သက်ရောက်လာသော ဖိအားများကြောင့်၊ ပြည်သူ့စာကြည့်တိုက်များထက် ပညာရေးဆိုင်ရာ စာကြည့်တိုက်များ ပျက်စီးမှုကို အမြန်ဆုံး အကဲဖြတ်ပြီး နောက်ဆက်တွဲလျှင် သန့်ရှင်းရေးအစီအစဉ်များကို ပို၍ မြန်ဆန်စွာ အကောင်အထည်ဖော်ပေးနိုင်ရန် လိုအပ်ပါသည်။

စာကြည့်တိုက်အမျိုးအစားများက ဝန်ဆောင်မှုများကို မည်မျှမြန်မြန် ပြန်လည်စတင်ရမည်ကို သတ်မှတ်ပေး သကဲ့သို့၊ လျှင်၏ပြင်းအားနှင့် ဆိုးရွားမှုအဆင့်ကလည်း ကြိုတင်ပြင်ဆင်ထားသော အစီအစဉ်၏ မည်မျှအတိုင်း အတာကို အကောင်အထည်ဖော်ရမည်ကို ဆုံးဖြတ်ပေးပါမည်။ လျှင်ကြိုတင်ပြင်ဆင်မှုအစီအစဉ်သည် စာကြည့် တိုက်၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေရှိရန် ရည်ရွယ်ထားသောကြောင့်၊ ၊ ပြင်းထန်သော လျှင်ဒဏ် ခံရပါက ဒဏ်ရာရသူများအား ကူညီခြင်း၊ စာကြည့်တိုက်မှ လူများကိုဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းစသည့် လုပ်ငန်းများ ဖြင့် အချိန်များစွာ ကုန်နိုင်သဖြင့် ရက်ပေါင်းများစွာ ကြာပြီးမှသာ ပျက်စီးမှုအား အကဲဖြတ်နိုင်မည်ဖြစ်ပါသည်။

လျှင်ဖြစ်ပြီးချိန်တွင် ပထမဆုံး ဆုံးဖြတ်ရမည့်အရာမှာ စာကြည့်တိုက်ကို ဆက်လက်ဖွင့်ထားသင့်၊ မထား သင့် ဖြစ်ပါသည်။ လူ့အဖွဲ့အစည်း၏ အခြေခံအဆောက်အအုံ ဝန်ဆောင်မှုများ (လျှပ်စစ်၊ ရေ၊ အင်တာနက်စသည်) ဆက်လက်လည်ပတ်နေမှုအပေါ်တွင် မူတည်ပါသည်။ ပြင်းထန်သောလျှင်ဖြစ်ပါက၊ လျှင်၏ဗဟိုချက်သည် စာကြည့်တိုက်နှင့် နီးစပ်သည့်နေရာတွင် မဟုတ်သည့်တိုင်၊ နောက်ဆက်တွဲလျှင်များ၏ စိုးရိမ်ရသည့် အန္တရာယ်နှင့် အခြေခံဝန်ဆောင်မှုများ ပြတ်တောက်မှုတို့ကြောင့် စာကြည့်တိုက်ကို ပိတ်ထားရန် လိုအပ် နိုင်ပါသည်။

နောက်ဆက်တွဲလျှင်များ ဆက်တိုက်ဖြစ်နေပါက၊ မသင့်တော်သော အခြေအနေ ဖြစ်သဖြင့် စာကြည့်တိုက်ကို ဖွင့်ထားရန် ကြိုးစားခြင်းထက် ပိတ်လိုက်ခြင်းက ပိုမိုသင့်တော်ပါသည်။ ဒုတိယအချက်အနေဖြင့် ချက်ချင်း ဆုံးဖြတ်ရမည့်အရာမှာ စာကြည့်တိုက်အဆောက်အအုံ သို့မဟုတ် စာအုပ်စင်များ ကို အဆောက်အအုံ အင်ဂျင်နီယာ မှ စစ်ဆေးရန် လိုမလို ဖြစ်ပါသည်။ ဤအချက်ကို စာကြည့်တိုက်၏ လျှင်ကြိုတင် ပြင်ဆင်မှုအစီ အစဉ်တွင် ထည့်သွင်းထားရပါမည်။ လျှင်အသေးစားဖြစ်ပါက၊ အဆောက်အဦး သို့မဟုတ် စာအုပ်စင်များ ပျက်စီးခြင်း မရှိဘဲ၊ စာကြည့်တိုက်ဝန်ထမ်းတစ်ဦးဦးတွင် လျှင်ကြောင့်ဖြစ်သော ပျက်စီးမှုကို စစ်ဆေးရန် လိုအပ်သည့် ကျွမ်းကျင် မှု ရှိနိုင်ပါသည်။

သို့သော်၊ စာကြည့်တိုက်သည် အပြင်ပန်းကြည့်ရတာ ပျက်စီးမှုမရှိဟု ထင်ရသည့်တိုင်၊ ကျွမ်းကျင် ပညာရှင် တစ်ဦးဦးမှ စစ်ဆေးရန် အကြံပြုထားပါသည်။ ပြင်းထန်သော လျှင်ဖြစ်ပြီးနောက် ကျွမ်းကျင်ပညာရှင်များအား လိုအပ်ချက် များပြားလာမည့်အပြင်၊ လျှင်ဖြစ်ပြီးနောက် ၎င်းတို့အလုပ်များ နေမည်ဖြစ်သောကြောင့်၊ စာကြည့်တိုက် အဆောက်အအုံအား စစ်ဆေးရန် လျှင်ပြီး သည်နှင့်တစ်ပြိုင်နက် ချက်ချင်းစီစဉ်ရန် လိုအပ်ပါသည်။

စာကြည့်တိုက်၏ အဆောက်အအုံဖွဲ့စည်းပုံ (သို့) အဆောက်အအုံနှင့်မဆိုင်သော အစိတ်အပိုင်းများ ပျက်စီးမှု ရှိ ၊ မရှိကို ကျွမ်းကျင်သူ စစ်ဆေးသူ၏ အစီရင်ခံစာကို စောင့်ဆိုင်းရခြင်းသည် စိတ်ရှုပ်စရာဖြစ်နိုင်သော်လည်း၊ စစ်ဆေး သူ မရောက်မီကတည်းက ပျက်စီးမှုများကို မှတ်တမ်းတင်ပြီး သန့်ရှင်းရေး စတင်လုပ်လိုစိတ် ဖြစ်ပေါ်လာနိုင်သည်။ သို့သော် စာကြည့်တိုက် တာဝန်ခံအနေဖြင့် ထိုစိတ်လှုပ်ရှားမှုကို ခံနိုင်ရည်ရှိရမည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် စစ်ဆေးမှုမပြုလုပ်ဘဲ သန့်ရှင်းရေးလုပ်ခြင်း (သို့) ပျက်စီးမှုကို အလွယ်တကူပြင်ဆင်မိပါက၊ အန္တရာယ်ရှိသော အဆောက်အအုံ၏ အားနည်းချက်များကို မသိလိုက်ဘဲ ကျန်ရစ်နိုင်သောကြောင့်ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော်သန့်ရှင်းရေးလုပ်ငန်းများကိုအလျင်စလိုလုပ်ဆောင်လိုက်ခြင်းသည် ပြန်လည်ထိခိုက် စေနိုင်သော အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဥပမာအားဖြင့်၊ လျှင်ကြောင့် စာအုပ်စင်များရှိ (cross

bracing) များ လျော့ရဲသွားပါက၊ စာအုပ်စင်ပေါ်သို့ စာအုပ်များပြန်ထားခြင်းဖြင့် စာအုပ်စင်အပေါ် ဖိအားများ လာကာ စာအုပ်စင်များ လုံးဝပြိုကျသွားနိုင်သည်။ ကွေးညွတ်နေသော စာအုပ်စင်များသည် စာအုပ်များ၏ချည်နှောင်မှု ကို မခံနိုင်ဘဲ စာအုပ်များကို ဖိမိခြင်းဖြင့် စာအုပ်များအား ထပ်မံပျက်စီးစေနိုင်သဖြင့်၊ ဤလုပ်ဆောင်ချက် ကို လုံးဝ မပြုလုပ်သင့်ပါ။

ထို့အပြင်၊ ပြိုကျလာနိုင်သော စာအုပ်စင်များကြောင့် လူများ ဒဏ်ရာရရှိခြင်း ဖြစ်နိုင်ချေရှိပါသည်။ စာကြည့်တိုက် ဝန်ထမ်းများ၏ လုံခြုံရေးနှင့် စာအုပ်စာတိုက်ပစ္စည်းများ ကာကွယ်ရေးသည် ငလျင်ကြိုတင် ပြင်ဆင်မှု အစီအစဉ် ကိုစနစ်တကျလိုက်နာခြင်းအပေါ် မူတည်သောကြောင့်၊ အောက်ပါအဆင့်များကို မဖြစ်မနေ လုပ်ဆောင် ရပါမည်-

၁။ ပျက်စီးမှုအား ကျွမ်းကျင်ပညာရှင်ဖြင့် အကဲဖြတ်ခြင်း

၂။ ပျက်စီးမှုကို စနစ်တကျမှတ်တမ်းတင်ခြင်း

၃။ ပြင်ဆင်မှုအတွက် ကုန်ကျစရိတ်အား ခန့်မှန်းခြင်း

ဤအဆင့်များအားလုံး မပြီးမြောက်မီတွင် သန့်ရှင်းရေးလုပ်ငန်းစတင်ခြင်းကို လုံးဝ ရှောင်ကြဉ်ရပါမည်။

စာကြည့်တိုက်၏ ငလျင်ကြိုတင်ပြင်ဆင်ရေးအစီအစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်ပြီး၊ ငလျင် ကြောင့်ပျက်စီးမှုများကို ပြင်ဆင်ပြီး စာအုပ်စင်တွင် စာအုပ်များ ပြန်ထားပြီးနောက် လုပ်ဆောင်ရမည့် နောက်ဆုံး အဆင့်သည် ငလျင်ကြိုတင်ပြင်ဆင်ရေးအစီအစဉ် မည်မျှအထိ ထိရောက်ခဲ့သလဲဆိုသည်ကို အကဲဖြတ် ခြင်းပင် ဖြစ်ပါသည်။ လူတိုင်းသည် ငလျင်အကြောင်းကို ငြီးငွေ့နေပြီး စာကြည့်တိုက်၏ ကြိုတင်ပြင်ဆင် မှုအစီအစဉ်၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ရန် အချိန်ပေးရမည်ကို ဝန်လေး နေကြသော်လည်း နောက်ထပ် ငလျင်အတွက် စာကြည့်တိုက်ကို အဆင်သင့် ဖြစ်နေစေရန် ပြင်ဆင်ထား နိုင်ရန် ဤလုပ်ငန်းကို မဖြစ်မနေလုပ် ဆောင်ရန် အထူးလိုအပ်ပါသည်။

အဆုံးသတ်အနေဖြင့် ငလျင်ဒဏ်ကြိုတင်ပြင်ဆင်မှုသည် California ပြည်နယ်ရှိ စာကြည့်တိုက်မှူးများသာ လုပ်ဆောင်ရမည့် လုပ်ငန်းတစ်ခုသာမဟုတ်ဘဲ၊ ကမ္ဘာတစ်ဝှမ်းရှိ စာကြည့်တိုက်များအတွက် အရေးပါသော အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း သိမှတ်ရန် လိုအပ်ပါသည်။ မကြာသေးမီက ကမ္ဘာတစ်ဝှမ်းဖြစ်ပေါ်ခဲ့သော ငလျင်များက ပစိဖိတ်သမုဒ္ဒရာကို ဝန်းရံထားသော ဒေသများတွင် ငလျင်ဖြစ်နိုင်ခြေ ပိုမိုမြင့်မားလာသည်ကို ပြသခဲ့သလို၊ ကမ္ဘာ့၏ မည်သည့်နေရာတွင်မဆို ငလျင်လှုပ်နိုင်ကြောင်းကိုလည်း သိရှိလာရပါသည်။ ဤကဲ့သို့ ကမ္ဘာတစ်ဝှမ်း ငလျင်လှုပ်ခြင်း အန္တရာယ် တိုးလာသည့်အတွက်၊ ငလျင်ကြောင့် ပျက်စီးနိုင်ခြေရှိသော နေရာတိုင်းရှိ စာကြည့်တိုက်များ၊ စာကြည့်တိုက် မှူးများအနေဖြင့် ငလျင်ကြိုတင်ပြင်ဆင်မှုအစီအစဉ်များကို ပြန်လည်သုံးသပ်ကြပြီး အကောင်အထည် ဖော် ဆောင်ရွက်ထားကြရန် အထူးလိုအပ်လှပါသည်။

**Translated by Wut Yi Soe(MLA)**

**Edited by Daw Khin Hnin Oo(MLA)**

**Reference: "Library Earthquake Preparedness Planning: How to Make Sure That Your Library Is Ready for the "Big One"/Lisa A. Beinhoff. Journal of Library Administration (Oct 22, 2008) Vol. 31, 2000-Issue 1**